## နိုင်ငံကျော် ပြည်သူချစ် စာရေးဆရာမကြီး လူထုဒေါ်အမာ မွေးနေ့ပွဲသို့ ဆုတောင်းသဝဏ်လွှာများပေးပို့
## ၂၉ နိုဝင်ဘာ၂၀၀၇

ဒီနေ့ အမရပူရမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်မှာ လူထုဒေါ်အမာရဲ့မွေးနေ့ကို အကျဉ်းချုံးပြီး ကျင်းပပါတယ်။ မွေးနေ့ပွဲအကြောင်းကို လူထုဒေါ်အမာရဲ့သား စာရေးဆရာ ညီပုလေး(ခေါ်) ကိုညိုကို ဦးသိန်းထိုက်ဦးက ဆက်သွယ်မေးမြန်းရာမှာ အခုလို ပြောပြပါတယ်။

> “ကျနော်တို့ ဒီနေ့ အမရပူရ မဟာဂန္ဓာရုံမှာ အမေ့(၉၂)နှစ်မွေးနေ့ ကျနော်တို့ ဆွမ်းကပ်ပါတယ် ခင်ဗျ၊ စစချင်း တရားနာပြီးတော့ ရေစက်ချတယ်ခင်ဗျ၊ သံဃာအပါးတစ်ထောင်ကို ဆွမ်းလောင်း တယ်ခင်ဗျ၊ အမရပူရ ဂန္ဓာရုံရဲ့ထုံးစံ တန်းစီပြီးတော့ ဆွမ်းလောင်းတာကို ခံယူရတယ်ခင်ဗျ၊ အဲဒါပြီးတော့မှာ လူထုကို ညှော်ခံတာပါ။ ကျွေးမွေးတာပါ။”

လူထုဒေါ်အမာရဲ့မွေးနေ့ဆိုရင် သူ့ကိုချစ်မြတ်နိုးသူတွေ သူ့စာတွေကို တန်ဖိုးထားသူတွေ မန္တလေးမြို့မှာလာရောက်ဆုံစည်းတတ်ကြပါတယ်။ ဒီမွေးနေ့ပွဲက လူတဦးတယောက်၊ ပုဂ္ဂိုလ်တယောက်ကိုတန်ဖိုးထားတာမျိုးအပြင် ဒီမွေးနေ့ပွဲကို အစဉ်အဆက်လာဖို့ကြိုးစားခဲ့ကြပေမယ့် အကြောင်းအမျိုးမျိုးနဲ့ပျက်ကွက်တဲ့သူတွေကို အမှတ်တရ အဖြစ် ကျန်ရစ်တဲ့သူတွေက စုစည်းတာဖြစ်တယ်လို့ မန္တလေးမြို့ခံစာရေးဆရာတယောက်ကပြောပါတယ်။ ကဗျာ ဆရာတွေ၊ စာရေးဆရာတွေ၊ ကျောင်းသားခေါင်းဆောင်တွေ နှစ်ခြားရောက်လာတတ်တဲ့ မွေးနေ့တခုလည်း ဖြစ်ပါတယ်၊ ဒီလိုမွေးနေ့ပွဲကို လာရောက်ဖို့ ကြိုးစားခဲ့တဲ့သူတွေထဲမှာ ရန်ကုန်မြို့က စာရေးဆရာ ဆရာမောင်မိုးသူလည်း ပါဝင်ပါတယ်။

> “ကျနော့်ဘဝမှာတော့ ဒေါ်ဒေါ်က (၇၀)ပြည့်မွေးနေ့ကတည်းက မွေးနေ့လုပ်ပါတယ်။ မွေးနေ့လုပ်တဲ့အခါမှာ ကျနော်က ဆက်တိုက်ဆက်တိုက်လာပါတယ်။ ဆက်တိုက်ဆက်တိုက် အမေမာ့မွေးနေ့ ဆိုရင် ကျနော်အမြဲတမ်း ရောက်အောင်လာပါတယ်။ ကျနော်က ရန်ကုန်မှာနေပါတယ်။ ဒေါ်ဒေါ်က မန္တလေးမှာနေတဲ့အတွက် ကျနော်လာပါတယ်။ ဒါပေမယ့် ကျနော် (၈၈)၊ (၈၉)ကျတော့ ကျနော် မလာနိုင် ဘူးပေ့ါဗျာ၊ ထိုနည်းဗင်း ကျနော်အဲလို (၇)နှစ်လောက် ကျနော်မလာနိုင်ပါဘူး၊ သို့သော် ကျနော်လာနိုင်တဲ့ နှစ်တွေမှာ ကျနော်အပြင်မှာရှိရင် ကျနော်အမြဲတမ်းလာပါတယ်။ ကျနော်တို့မှာအမေဆိုလို့ ဒေါ်ဒေါ်မာ ပဲရှိတာကိုး။ ကျနော်တို့စာပေလောကက တင်မိုးတို့၊ မောင်စွမ်းရည်တို့၊ ကြည်အောင်တို့၊ ကိုလေးတို့၊ သာနိုးတို့ကို အကုန်လုံး ဒေါ်ဒေါ်တို့၊ ဦးလေးတို့လက်ပေါ်မှာပဲ ကြီးလာကြတာဖြစ်တဲ့ ကျနော်တို့တော့ ကိုယ့်အမေလိုပဲ ဖြစ်တာဆိုတော့ အမေနဲ့ ပတ်သက်ပြီးတော့ ကျနော်ပြောချင်တဲ့စကားကတော့ ဘာတုန်း ဆိုလို့ရှိရင် ကျနော်တို့ စာပေရေးတာ၊ တော်တာ တပိုင်းပေ့ါဗျာ၊ ဒါပေမယ့် ပြည်သူလူထုဘက်က ရပ်တည် လို့ရှိရင် ပြည်သူကလည်း ချစ်ခင်တယ်ဆိုတာ သိသာပါတယ်။“

လူထုဦးလှ၊ လူထုဒေါ်အမာနဲ့ လူထုသတင်းစာတိုက်ရဲ့သမိုင်းတွေက ဖိနှပ်အုပ်ချုပ်တဲ့ ခေတ်အောက်မှာ မင်းပြစ်မင်းဒဏ်သင့်ရတဲ့ သတင်းစာဆရာတွေရဲ့အကြောင်းကို ရည်ညွှန်းဖေါ်ပြရတဲ့ မှတ်တိုင်တွေလို့ သတ်မှတ်ပြော ဆိုသူတွေလည်းရှိပါတယ်။ လူထုဦးလှနဲ့ ဒေါ်အမာတို့ ပေါင်းသင်းနေထိုင်ခဲ့တဲ့ကာလတလျှောက် ပြည်တွင်းစစ်မီး အပါအဝင် နိုင်ငံရေးပဋိက္ခတွေမျိုးစုံကြုံခဲ့ရတာတွေကြောင့်လည်း ဒီခေတ်၊ ဒီစနစ်အောက်ကြီးပြင်းရုန်းကန်ခဲ့ရ တဲ့ မိသားစုတွေရဲ့ဘဝကို မြင်သာအောင်ပြတဲ့ ဥပမာတခုအဖြစ် ထုတ်ဖေါ်ပြောဆိုသူတွေလည်းရှိပါတယ်။ လူထု ဒေါ်အမာရဲ့မွေးနေ့မှာ အမှတ်တရ ကဗျာတပုဒ်ရွတ်ဆိုပြသူက ကဗျာဆရာကြည်အောင်ဖြစ်ပါတယ်။ လွတ်မြောက်ရေး တိုက်ပွဲအကြား လက်တွဲဖေါ်ချစ်သူတွေကို ခေါ်ဆိုတဲ့ ကဗျာတပုဒ်ကို သူက ရွတ်ပြခဲ့တာပါ၊ “သစ္စာတိုင်” လို့ သူက နာမည်ပေးပါတယ်။

“ ဒီတောင်ရိုး၊ ကျားဆိုးပေါ်တဲ့ မောင့်ချစ် ပြည်ချိုးလိုက်ခဲ့။”

“ဒီကဗျာလေးက တိုတိုလေးပါဘဲ၊ ဒါ သာမန်အချစ်ကဗျာမဟုတ်ဘူး၊”

ကဗျာဆရာကြည်အောင်က ဒီကဗျာဟာ လွတ်မြောက်ရေးတိုက်ပွဲအကြား၊ ဒီမိုကရေစီတိုက်ပွဲအကြား နာကျင်မှုတွေနဲ့လမ်းမှာ အတူလက်တွဲဖို့ဖိတ်ခေါ်တဲ့ကဗျာတပုဒ်လို့ပြောပါတယ်။ လူထုဒေါ်အမာတို့ ခေတ်အဆက် ဆက် မက်ခဲ့တဲ့ ငြိမ်းချမ်းရေးယုံကြည်ချက်ကို လက်ဆင့်ကမ်းသယ်ဆောင်လာနေတဲ့အကြောင်း ဒီနေ့မွေးနေ့ အမှတ်တရ အကြောင်းကြားခဲ့တဲ့ သူတွေကတော့ ရှောင်တိမ်းနေတဲ့ ဗကသများအဖွဲ့ချုပ်က ကျောင်းသားတွေ ဖြစ်ပါတယ်။ ဗကသများဖွဲ့ချုပ်က ကျောင်းသားခေါင်းဆောင်တဦးဖြစ်တဲ့ ကိုကျော်ကိုကိုက မွေးနေ့သဏ်လွှာ ပေးတာနဲ့ ပတ်သက်လို့ အခုလိုပြောပါတယ်။

“မွေးနေ့ပွဲကို သွားလို့မရတဲ့အတွက် လူကိုယ်တိုင်မရောက်ပေမယ့် ကျနော်တို့ အမေမာ့ကို တယ်လီဖုန်းနဲ့တော့ အဆက်အသွယ်လုပ်ပြီးတော့ ကျနော်တို့ ကဗျာကိုရွတ်ပြခဲ့တယ်။ ပြီးတော့ အမေမာ့ ကို ဂါရဝစကားတွေနဲ့လည်း ကျနော်တို့ ဂါရဝပြုခဲ့တယ်။ ပြီးတော့အမေမာကလည်း မေတ္တာနဲ့ရော ဆုံးမစကားတွေပြန်ပြောခဲ့တယ်။ အဓိကအမေမာပြောတဲ့စကားကတော့ ကျနော်တို့လူမျိုးက အမြဲတမ်း မကောင်းနိုင်ဘူးတဲ့၊ သိပ်မကြာခင်ပဲကွဲသွားတတ်တာမျိုးဖြစ်တဲ့အတွက် သည်ခံပြီးတော့ လုပ်စရာရှိ တာတွေ ဆက်လုပ်သွားဖို့၊ အမြဲတမ်း ညီညီညွတ်ညွတ်လက်တွဲ သွားဖို့ပြောချင်တယ်တဲ့၊ ပြီးတော့ သတိဝိရိယနဲ့ကျနော်တို့ကိုနေဖို့လည်း ဆုံးမပါတယ်။”

အမေတို့ခေတ်ရဲ့ ရင်ခုံသံက ကျနော်တို့ခေတ်ရဲ့အသက်ရှုသံပါဆိုတဲ့ ကဗျာတပုဒ်ကိုလည်း ဗကသများ အဖွဲ့ချုပ်က လူထုဒေါ်အမာမွေးနေ့အတွက် အမှတ်တရပေးပို့ပါတယ်။

“အမေရေ – အမေ့ရဲ့ငြိမ်းချမ်းရေးယုံကြည်ချက်ကို သားတို့လက်ဆင့်ကမ်းသယ်ဆောင်ရင်း အမေ့ရဲ့ အိမ်မက်တွေကို သားတို့တွေလည်း ဆက်မက်နေကြတယ်။ အမေတို့ခေတ်ရဲ့ရင်ခုံသံတွေဟာ အခု သားတို့ရဲ့ အသက်ရှုသံတွေပါပဲ။ အမေတို့တည်ဆောက်ခဲ့တဲ့ နိုင်ငံချစ်စိတ်တွေ၊ သမဂ္ဂအစဉ်အလာတွေ၊ အမှန်တရားထံ သက်ဝင်ယုံကြည်မှုတွေကို အမွေဆက်ခံပြီး တော်လှန်ရေးခရီးကို သားတို့ ဆက်လှမ်း နေကြတယ်။ အမေတို့ တွေ့ချင်မြင်ချင်တဲ့ကမ္ဘာဟာ သားတို့ တွေ့ချင်မြင်ချင်တဲ့ကမ္ဘာပါဘဲ။ အမေတို့ မမောမပမ်း လျှောက်လှမ်းခဲ့တဲ့ တော်လှန်ရေးဆိုတဲ့ခရီးလမ်းမှာ သားတို့လည်း မမောမပမ်းဘဲ ဆက်လက် လျှောက်လှမ်းချင်ပါတယ်၊ ဆက်လက် လျှောက်လှမ်းသွားမယ်လို့လည်း ဂတိပြုပါတယ်။”